# မြန်မာလွှတ်တော်ကိုယ်စားလှယ်များ၏ အိန္ဒိယနိုင်ငံ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် တက်ရောက်လေ့လာမှုခရီးစဉ်

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေတို့ ဦးဆောင်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စား လှယ်များ၊ အထောက်အကူပြု ဝန်ထမ်းများပါဝင်သောအဖွဲ့သည် အိန္ဒိယနိုင်ငံပါလီမန်၊ Parliamentary Research Information for Democracy အစီအစဉ်ဖြင့် ပြုလုပ်သည့် စွမ်းဆောင်ရည်မြှင့်သင်တန်း "Capacity Development Programme" သို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ တက်ရောက်လေ့လာခဲ့ကြပါသည်။

ခရီးစဉ်အတွင်း မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ၂-၉-၂၀၂၆ ရက်တွင် အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌ Mr. Shri Om Birla အား Parliament house ၌ လည်းကောင်း၊ ၇၊၉၊ ၂၀၂၆ ရက်တွင် အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Shri Pabitra margherita တို့အား သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး အမှတ်တရ စုပေါင်းဓါတ်ပုံများ ရိုက်ကူးခဲ့ကြပါသည်။ ဆွေးနွေးပွဲ အစီအစဉ်များတွင် အိန္ဒိယနိုင်ငံပါလီမန်များ၏အခန်းကဏ္ဍနှင့်ဥပဒေပြုရေး၊ ကော်မတီစနစ် နှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီများ၊ မဲဆန္ဒနယ်မြေအတွင်းစီမံခန့်ခွဲမှု၊ ပြည်နယ်ဥပဒေပြု အပါအဝင် ပြည်နယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေး၊ ပါလီမန်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေး MPLADS ယန္တရားနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ခံမှု၊ နိုင်ငံခြားရေး မူဝါဒ၊ ပါလီမန်အကြီးအမှူးများ၏ ခေါင်းဆောင်မှုဆိုင်ရာ အကြောင်းအရာများကို လေ့လာ မျှဝေဆွေးနွေးခဲ့ကြပါသည်။ ခရီးစဉ်အတွင်း UNESCO ကမ္ဘာ့သမိုင်းဝင် အမွေအနှစ်နေရာများ၊ ပရာဒန်မန်ထရီဆန်ဂရာဟာရာပြတိုက်များသို့လည်း သွားရောက် လေ့လာခဲ့ကြပါသည်။ ထိုသို့ တက်ရောက်ခြင်းဖြင့် လွှတ်တော်၏ကဏ္ဍနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပြီး မြန်မာ-အိန္ဒိယ လွှတ်တော် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့်ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုမည် ဖြစ်ပါ ကြောင်း သတင်းရရှိပါသည်။